# အခရိုဘက် အမ်ဇက်

(ကာကွယ်နိုင်သော ပင်လုံးပြန့်အာနိသင်ရှိ မှိုသတ်ဆေး)

## Acrobat MZ

ပါဝင်သောပစ္စည်းများ

| | | |
|---|---|---|
| အစွမ်းရှိပစ္စည်း - | Dimethomorph ....... | 9% |
| | Mancozeb .............. | 60% |
| အခြားပစ္စည်း | ................................ | 31% |

**မှိုသတ်ဆေးကို အသုံးမပြုမီ ဆေးအညွှန်းစာကို သေချာစွာဖတ်ပါ။**

### သုံးစွဲရန်အညွှန်း

ရောဂါလက္ခဏာ စတွေ့သည်နှင့် ဆေးဖျန်းပါ။ ရောဂါလက္ခဏာများ ဆက်လက်ရှိနေသေးပါက (၇–၁၄)ရက် တစ်ကြိမ် ဆက်၍ဖျန်းပါ။ ထောက်ခံထားသော ဆေးနှုန်းထက် ပိုမို၍ မသုံးစွဲရ။ ပိုမိုထိရောက်စေရန်အတွက် ဆေးဖျော်ရည်ကို အရွက်များအား နှံ့စပ်အောင် ပက်ဖျန်းပါ။

| သီးနှံ | ကာကွယ်နှိမ်နင်းနိုင်သော ရောဂါများ | နှုန်းထား | | ဆေးဖျန်းပြီးနောက် ရိတ်သိမ်းခူးဆွတ်ရန် စောင့်ဆိုင်းရမည့်ရက် |
|---|---|---|---|---|
| | | (ဂရမ်/ဧက) | ဂရမ်/ ရေ ၂၀ လီတာ | |
| ခရမ်းချဉ်၊ အာလူး | နှောင်းပင်နာကျရောဂါ | ၆၀၀–၁၀၀၀ | ၁၀၀–၁၂၅ | ၁၄ |
| သခွား | ဒေါင်းနီးရွက်ခြောက်ရောဂါ | ၆၀၀–၁၀၀၀ | ၁၀၀–၁၂၅ | ၁၄ |
| ကြက်သွန် | ဒေါင်းနီးရွက်ခြောက်ရောဂါ | ၆၀၀–၁၀၀၀ | ၁၀၀–၁၂၅ | ၁၄ |
| စပျစ် | ဒေါင်းနီးရွက်ခြောက်ရောဂါ | ၆၀၀–၁၀၀၀ | ၁၀၀–၁၂၅ | ၁၄ |
| ပဲပုပ် | ဒေါင်းနီးရွက်ခြောက်ရောဂါ | ၆၀၀–၁၀၀၀ | ၁၀၀–၁၂၅ | ၁၄ |

- ဆေးဖျန်းပြီး ပြန်လည်ဝင်ရောက်နိုင်သောကာလ = အနည်းဆုံး(၂၄)နာရီ
- သီးနှံတစ်ရာသီအတွင်း အများဆုံးဖျန်းနိုင်သောအကြိမ် – ( ၂ – ၃ )ကြိမ်
- ဆေးဖျန်းခြားရက် - ( ၇ - ၁၄ ) ရက်


မှတ်ပုံတင်အမှတ် .(Regd. No.)............P 2017-514............

ထုတ်လုပ်မှုအမှတ်စဉ် (BN)..........................................

ထုတ်လုပ်သည့်ရက်(DOM)..........................................

သက်တမ်းကုန်ဆုံးမည့်ရက် (Exp.) ..................................

အဆိပ်ဖြစ်မှုအဆင့်အတန်း - GHS အုပ်စု(၅)




**1 Kg**

BASF
We create chemistry


# အခရိုဘက် အမ်ဇက်

(ကာကွယ်နိုင်သော ပင်လုံးပြန့်အာနိသင်ရှိ မှိုသတ်ဆေး)

## Acrobat MZ


### ကြိုတင်ကာကွယ်ခြင်း

ဆေးကို ကိုင်တွယ်သုံးစွဲရာတွင် လက်အိတ်၊ ဖိနပ်၊ နှာခေါင်းစည်း၊ လက်ရှည်အင်္ကျီ၊ ဘောင်းဘီရှည်၊ မျက်ကာမှန်၊ အနားကျယ်သော ဦးထုပ်စသော အကာအကွယ်ပစ္စည်းများ အသုံးပြုပါ။ ဆေးကို ကိုင်တွယ်အသုံးပြုနေစဉ်အတွင်း အစာစားခြင်း၊ ရေသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းများ မပြုလုပ်ရပါ။ လေကို ဆန်၍ ဆေးကို မဖျန်းပါနှင့်။ အသုံးပြုပြီးပါက အဝတ်အစားများကို ချွတ်ပစ်ပြီး ဆပ်ပြာ၊ ရေတို့ဖြင့် သန့်စင်အောင်လျှော်ဖွတ်ပါ။ အစာစားခြင်း၊ ရေသောက်ခြင်း၊ ဆေးလိပ် သောက်ခြင်း မပြုလုပ်မီ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်အောင်ဆေးပါ။ ဆေးဖျန်းပြီး အခင်းထဲသို့ ကျွဲ၊ နွားများ မဝင်စေရ။ ဆေးဖျန်းစဉ် အသုံးပြုထားသော အကာအကွယ် ပစ္စည်းများကို လျှော်ဖွတ် နေလှန်းပြီးမှ ပြန်လည် အသုံးပြုပါ။

### ရှေးဦးသူနာပြုစုနည်း

ဆေးထိသော အရေပြားကို ရေ၊ဆပ်ပြာတို့နှင့် ချက်ချင်းဆေးကြောပါ။ မျက်စိထဲဝင်ပါက ရေများများဖြင့် (၁၅)မိနစ်ကြာ ဆေးကြောပါ။ ဆေးမှုန့်ရှူမိပါက လေဝင်လေထွက်ကောင်းသောနေရာတွင် ငြိမ်သက်စွာ နေပါ။ လိုအပ်ပါက ရှေးဦးသူနာပြုစုနည်းဖြင့် အသက်ရှူစေအောင် ပြုလုပ်ပါ။ မျိုချမိပါက ခံတွင်းကို ဆေးကြောကာ ရေများများသောက်ပေးပါ။ အညွှန်းစာပါသော ဆေးဘူး၊ ဆေးထုပ်ခွံနှင့် အတူ နီးစပ်ရာ ဆရာဝန်ထံ အမြန်ဆုံးပြသပြီး ကုသမှုခံယူပါ။

**ဆေးကုသမှု**

ဖြေဆေးသီးသန့် မရှိပါ။ လူနာ၏ လက္ခဏာပေါ်မူတည်၍ ကုသရပါမည်။

### သိုလှောင်ခြင်းနှင့်စွန့်ပစ်ခြင်း

အေး၍ ခြောက်သွေ့ကာ လေကောင်းလေသန့် ကောင်းစွာရရှိသောနေရာတွင် ပိတ်ထားသော မူလဘူး ပုံစံဖြင့် သိုလှောင်ပါ။ မီး၊ နေရောင်ခြည် တိုက်ရိုက်ကျရောက်သောနေရာနှင့် ဝေးရာတွင်ထားပါ။ အသုံးပြုပြီးသော ဆေးဘူးခွံများအား ပြန်လည်အသုံးပြုခြင်း မပြုရ။ မီးမရှို့ရ။ ဖျက်ဆီး၍ မြေမြှုပ်ပစ်ရမည်။ အစားအစာ၊ တိရစ္ဆာန်များနှင့်ဝေးရာတွင်သိုလှောင်ပါ။ ဆေးဘူး၊ ဆေးထုပ်အခွံများကို သောက်ရေ၊ သုံးရေ အဖြစ် အသုံးပြုလျက်ရှိသော မြစ်ချောင်း၊ အင်းအိုင်များအနီးတွင် မဆေးကြောရ၊ မစွန့်ပစ်ရ။

### သတိပြုရန်

ရေနေသတ္တဝါများအား အလွန်အဆိပ်သင့်စေပြီး ရေပြင်ပတ်ဝန်းကျင်ကိုလည်း ကြာရှည်တွင် ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။ သန္ဓေသားကိုလည်း ထိခိုက်နိုင်ရန် အခွင့်အလမ်းများပါသည်။ အသားအရေကိုလည်း ယားယံစေသည်။ အယ်လကာလီဂုဏ်သတ္တိ၊ ကော့ပါးပါသောဆေးများနှင့် ရော၍ အသုံးမပြုရပါ။

6.11.2018

**ကလေးများ လက်လှမ်းမမီသောနေရာတွင် လုံခြုံစွာသော့ခတ်သိမ်းဆည်းပါ။**


ထုတ်လုပ်သူ

**BASF SE, Ludwigshafen, DE**
**Carl-Bosch-Str. 38**
**67056 Ludwigshafen, Germany**

ဖြန့်ဖြူးသူ

JJ-PUN

**ဂျေဂျေပန် ထရေးဒင်း ကုမ္ပဏီလီမိတက်**

အဆောက်အအုံ(၉)၊ ၅ လွှာ၊ MICT Park (Phase-3)၊
လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ – ၂၃၀၅၁၃၅၊ ၂၃၀၅၁၃၆